# စီးပွားရေး မိတ်ဖက်များအတွက် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ စည်းကမ်းချက်များ[1]

## I. နိဒါန်း

ဤစာရွက်စာတမ်း၏ ရည်ရွယ်ချက်အတွက်၊ **"စီးပွားရေး မိတ်ဖက်များ"** သည် သွင်းကုန်လုပ်ငန်းရှင်များ သို့မဟုတ် အေးဂျင့်များကဲ့သို့သော စီးပွားရေး ကုမ္ပဏီများကို ရည်ညွှန်းပြီး ၎င်းတို့သည် amfori BSCI ပါဝင်သူများနှင့် စီးပွားရေး ဆက်နွှယ်မှုများရှိသည်၊ နောက်ဆုံးတွင် စောင့်ကြည့်စစ်ဆေးခံရနိုင်သော ထုတ်လုပ်သူများထံသို့ amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ မူဝါဒများ ဖြာကျသွယ်စီးစေရန် amfori BSCI ပါဝင်သူများ၏ ကြံရွယ်ပစ်မှတ်ထားခံရသော သူများဖြစ်သည်။

၎င်းက တစ်ဆင့်ခံကန်ထရိုက်တာ သို့မဟုတ် တဆင့်ခံပေးသွင်းသူများကဲ့သို့သော စီးပွားရေး ကုမ္ပဏီဖြစ်နိုင်ပြီး ထုတ်လုပ်သူနှင့် စီးပွားရေးဆက်နွှယ်မှုရှိ၍ amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ မူဝါဒများ ဖြာကျသွယ်စီးစေရန် ထုတ်လုပ်သူများ၏ ကြံရွယ်ပစ်မှတ်ထားခံရသောသူများဖြစ်သည်။

ဤအကောင်အထည်ဖော်မှု စည်းကမ်းချက်များကို လက်မှတ်ရေးထိုးခြင်းဖြင့် **စီးပွားရေး မိတ်ဖက်များသည်** amfori BSCI **ကျင့်ဝတ်လုပ်ထုံးပါ စံတန်ဖိုးများနှင့် မူဝါဒများ သို့မဟုတ် အလားတူအချက်**တို့ကို ထောက်ခံပြီး ၎င်းတို့၏ ကုန်စည်ထုတ်လုပ်စီးဆင်းမှုတွင် အကောင်အထည်ဖော်မှုကို တိုးမြှင့်ရန် ကျိုးကြောင်းဆီလျော်ပြီး သင့်တော်သော လုပ်ထုံးအားလုံးကို ၎င်းတို့၏ ဩဇာနယ်ပယ်အတွင်း၌ လုပ်ဆောင်သွားရန် ကတိပြုပါသည်။

ဤစာရွက်စာတမ်းက ရည်ညွှန်းသည့် amfori BSCI ကျင့်ဝတ်လုပ်ထုံးကိုးကားချက်တွင် အခြား တူညီသော ကျင့်ဝတ်နှင့် သက်ဆိုင်ရာ စနစ်အသီးသီးတို့ ပါဝင်ပေသည်။

[1] © မူပိုင်ခွင့် amfori 2017

**ဤစာရွက်စာတမ်းတွင်ဖော်ပြထားသည့် ပြင်ပ မိတ်ဖက်ကုမ္ပဏီများ** သည် အကောင်အထည်ဖော်မှု စည်းကမ်းချက်များကို လက်မှတ်ရေးထိုးထားသော ကုမ္ပဏီ၏ စီးပွားရေး မိတ်ဖက်များကို ရည်ညွှန်းပါသည်။

အကောင်အထည်ဖော်မှု စည်းကမ်းချက်များကို လက်မှတ်ရေးထိုးထားသော စီးပွားရေး မိတ်ဖက်များသည် **amfori BSCI စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းစဉ်တွင် အကျုံးမဝင်ပေ။** သို့သော်၊ amfori BSCI ပါဝင်သူများ၏ ကြိုတင်စုံစမ်းလေ့လာမှုလုပ်ငန်းစဉ်၏ရလဒ်နှင့် ဆက်စပ်နေသည်ဟု ယူဆသည့်အခါ amfori BSCI ပါဝင်သူများက မိတ်ဖက်များအား ထည့်သွင်းခွင့် သီးသန့်ထားရှိပြီး၊ ၎င်းစီးပွားရေးမိတ်ဖက်များသည် **ထုတ်လုပ်သူများ**အတွက် အကောင်အထည်ဖော်မှု စည်းကမ်းချက်များကိုလက်မှတ်ရေးထိုးရန် လိုအပ်သည်။

## II. လူမှုရေး တာဝန်ခံသော စီးပွားရေး လုပ်ငန်းဖြစ်ရန် ကတိပြုမှု

2.1. amfori BSCI ကျင့်ဝတ်လုပ်ထုံးတွင် သတ်မှတ်ဖော်ပြထားသည့် တာဝန်များကို ဆောင်ရွက်ရာတွင်**စီးပွားရေး မိတ်ဖက်များ** သည် amfori BSCI ပါဝင်သူများနှင့် သူတို့၏ ပြင်ပ မိတ်ဖက် ကုမ္ပဏီများနှင့် အတူလက်တွဲလုပ်ကိုင်ရမည်ဖြစ်ပြီး amfori BSCI ကျင့်ဝတ်လုပ်ထုံးကျင့်သုံးရာတွင် ၎င်းတို့၏ ပါဝင်ပတ်သက်သူများနှင့် ပွင့်လင်းပြီး အပြုသဘောဆောင်သော ဆွေးနွေးမှုများလုပ်ရန် ကြိုးပမ်းရမည်။

2.2. စီးပွားရေးမိတ်ဖက်များသည် amfori BSCI ကျင့်ဝတ်လုပ်ထုံးအပေါ် ၎င်းတို့ထောက်ခံကြောင်းကို ၎င်းတို့၏ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ၎င်းတို့၏ တတိယအဖွဲ့ မိတ်ဖက်များမှတဆင့် တက်ကြွစွာ ပြောဆိုသွားပါမည်။

2.3. **စီးပွားရေးမိတ်ဖက်များသည် ၎င်းတို့၏ ပြင်ပ မိတ်ဖက်ကုမ္ပဏီများကို amfori BSCI ကျင့်ဝတ်လုပ်ထုံးအား အပြည့်အဝလေ့လာမှုကို လုပ်ဆောင်ခိုင်းရန် လိုအပ်သည်။**

2.4. စီးပွားရေးမိတ်ဖက်များသည် amfori BSCI ကျင့်ဝတ်လုပ်ထုံးနှင့် ဆက်စပ်၍ ၎င်းတို့၏ တာဝန်များကို ဖြည့်ဆီးရန် **ထုတ်လုပ်သူများနှင့် လုံလောက်သော ရင်းမြစ်များကို** နေရာတကျထားရှိပါသည်။

© မူပိုင်ခွင့် amfori 2017

**2.5.** စီးပွားရေးမိတ်ဖက်များသည် ၎င်းတို့၏ **ပြင်ပ မိတ်ဖက်ကုမ္ပဏီများအား** amfori BSCI ကျင့်ဝတ်လုပ်ထုံးအတွက် အပြည့်အဝလေ့လာမှု လုပ်ဆောင်နိုင်းရန် လိုအပ်ပြီး amfori BSCI ကျင့်ဝတ်ကို ၎င်းတို့၏ ပြင်ပမိတ်ဖက်ကုမ္ပဏီများအတွက် အကျုံးဝင်စေရန် ၎င်းတို့၏ ဩဇာနယ်ပယ်အတွင်း ကျိုးကြောင်းဆီလျော်သော လုပ်ထုံးများကို လိုအပ်သလို လုပ်ဆောင်ရန်လိုအပ်ပေသည်။

**2.6.** စီးပွားရေးမိတ်ဖက်များသည် **ကျင့်ဝတ်လုပ်ထုံး၏ စံတန်ဖိုးများနှင့် မူဝါဒများအား လျစ်လျူရှုခြင်း နှင့်/သို့မဟုတ် အကောင်အထည်ဖော်မှု စည်းကမ်းချက်များကို ချိုးဖောက်ခြင်းသည်** amfori BSCI ပါဝင်သူအတွက် ၎င်းတို့၏ လုပ်ငန်းဆက်နွယ်မှုများ အဆုံးသတ်ခြင်းကို ဖြစ်စေရန် လုံလောက်သော စည်းကမ်းဖောက်ဖျက်မှုများ ဖြစ်ကြောင်းကို အသိအမှတ်ပြုပါသည်။ ဤကိစ္စရပ်နှင့်စပ်လျဉ်း၍ မိမိစကားမှန်ကန်ကြောင်း သက်သေပြရန် တာဝန်သည် amfori BSCI ပါဝင်သူများ သို့မဟုတ် ပြင်ပ မိတ်ဖက်ကုမ္ပဏီများထံတွင် ရှိနေစေရမည်။

## III. လူမှုရေး တာဝန်များကို စီးပွားရေး ကုမ္ပဏီ အစဉ်အလာတွင် ထည့်သွင်းကျင့်သုံးခြင်း

---

**3.1.** စီးပွားရေး မိတ်ဖက်များသည် (ဥပမာ ဈေးနှုန်း နှင့်/သို့မဟုတ် ပေးပို့သည့်အချိန် ကဲ့သို့သော ဝယ်ယူမှု ကျင့်သုံးခြင်းများ) ၎င်းတို့၏ ပြင်ပ မိတ်ဖက်ကုမ္ပဏီများကို amfori BSCI ကျင့်ဝတ်လုပ်ထုံးအတိုင်း လိုက်နာကျင့်ဆောင်ခြင်းမပြုရန် တားဆီးထားသော အနေအထားသို့ မတွန်းပို့သင့်ပေ။

**3.2.** အဝယ်တော်နှင့်အခြား ဆက်စပ်ရာ ဌာနများသည် (သို့မဟုတ် တစ်ဦးတစ်ယောက်) ကုမ္ပဏီအစဉ်အလာ ယဉ်ကျေးမှုတွင် တာဝန်သိသော လုပ်ငန်းအဖြစ် ပေါင်းစည်းရာဝယ် ဖြည့်ဆည်းကူညီပေးသည့် လုပ်ထုံးပုံစံအဖြစ် ၎င်းတို့အား **လေ့ကျင့်သင်တန်းပေးရမည်ဖြစ်သလို တိုက်တွန်းလှုံ့ဆော်မှုလည်း** ပြုလုပ်သင့်သည်။

© မူပိုင်ခွင့် amfori 2017

## IV. ကုန်စည် ထုတ်လုပ်စီးဆင်းမှုတွင် ပူးပေါင်းပါဝင်မှုနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းပေးခြင်း

**4.1.** amfori BSCI ကျင့်ဝတ်၏ မူဝါဒများအောင်မြင်စွာကျင့်သုံးရန်နှင့် ထိန်းသိမ်းရန် စီးပွားရေး မိတ်ဖက်များသည် လိုအပ်သော စွမ်းရည်များတည်ဆောက်ရန် အလို့ငှာ **သင်တန်းများတက်ရောက်ပြီး ၎င်းတို့၏ ဝန်ထမ်းများကိုလည်း ပံ့ပိုးကူညီပေးရပေမည်။**

**4.2.** စီးပွားရေး မိတ်ဖက်များသည် amfori BSCI ကျင့်ဝတ်လုပ်ထုံးကို လေ့လာရန်နှင့် ဤမျှော်လင့်ချက်များပြည့်မီရေး အကူအညီပြုရန် အလို့ငှာ **မိတ်ဖက်များအား အထောက်အပံ့ပေးရာ၌ တတိယအဖွဲ့ မိတ်ဖက်များ၏ စွမ်းရည်နှင့်စပ်လျဉ်း၍ အပြုသဘောဆောင်ပြီး ပွင့်လင်းသော ဆွေးနွေးမှုများကို ပြုလုပ်သွားပါမည်။**

**4.3.** စီးပွားရေး မိတ်ဖက်များသည် amfori BSCI ကျင့်ဝတ်လုပ်ထုံးအား အောင်မြင်စွာအကောင်အထည်ဖော်စေနိုင်သည့် စနစ်နှင့် လုပ်ထုံးလုပ်နည်းများဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရေးတွင် **စီမံအုပ်ချုပ်ရေးနှင့် လုပ်သားများ နှင့်/သို့မဟုတ် ကိုယ်စားလှယ်များကြား တက်ကြွသော ပူးပေါင်းပါဝင်မှုကို တိုက်တွန်းအားပေးပါမည်။**

## V. ကုန်စည် ထုတ်လုပ်စီးဆင်းမှုတွင် ကြိုတင် စုံစမ်းလေ့လာမှု

**5.1.** စီးပွားရေးမိတ်ဖက်များက **ဝိရိယစိုက်၍ ဆောင်ရွက်သွားရန် ကတိပြုထားသည်မှာ** (a) amfori BSCI ကျင့်ဝတ်လုပ်ထုံးပါ စံတန်ဖိုးများ၊ မူဝါဒများနှင့်ဆန့်ကျင်၍ ၎င်းတို့၏ စီးပွားရေးကြောင့်ဖြစ်သည့် အလားအလာရှိသော တန်ပြန်ဆိုးကျိုးများနှင့် အမှန်တကယ် ဆိုးကျိုးများကိုစိစစ်သွားရန်၊ (b) ကုန်စည်ထုတ်လုပ်စီးဆင်းမှုတွင် ဤတန်ပြန်ဆိုးကျိုးများ ဖြစ်ပွားနိုင်သည့် ကြီးမားသော ဘေးအန္တရာယ်များကို ဖော်ထုတ်ရန် နှင့် (c) ထိုဆိုးကျိုးများမဖြစ်ရေး တားဆီးကာကွယ်ရန်

© မူပိုင်ခွင့် amfori 2017

ဆောင်ရွက်ခြင်း နှင့်/သို့မဟုတ် amfori BSCI ကျင့်ဝတ်လုပ်ထုံးနှင့်အညီ ၎င်းတို့အား ကိုင်တွယ်ဖြေရှင်းရန်ဖြစ်သည်။

5.2. စီးပွားရေး မိတ်ဖက်များသည်၎င်းတို့၏ **ကိုယ်ပိုင် စီးပွားရေးနှင့် ပြင်ပမိတ်ဖက်ကုမ္ပဏီများ၏** တာဝန်သိ အပြုအမူအကြောင်းနှင့်ဆက်စပ်၍ ယုံကြည်ရသောအချက်အလက်များ စုဆောင်းပြီး စိစစ်ကာ ဝိရိယရှိရှိဖြင့် ပြုလုပ်ထားသည့် **လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို** သိမ်းဆည်းရမည်။

5.3. စီးပွားရေးမိတ်ဖက်များသည် **၎င်းတို့၏ ပြင်ပ မိတ်ဖက်ကုမ္ပဏီများ စီးပွားရေး မိတ်ဖက်များ**အား amfori BSCI ကျင့်ဝတ်လုပ်ထုံးကို လိုက်နာကျင့်သုံးမှု နှင့်/သို့မဟုတ် စောင့်ထိန်းမှုတွင် ၎င်းတို့၏ တိုးတက်မှုများအပြင် ၎င်းတို့ ပါဝင်ပတ်သက်နေနိုင်သည့် amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ စံတန်ဖိုးများ၊ မူဝါဒများနှင့်အညီ တန်ပြန်ဆိုးကျိုးများအား ထိရောက်စွာ တုန့်ပြန်ဖြေရှင်းမှုအကြောင်းကို **ပုံမှန် အစီရင်ခံရန်** လိုအပ်ပါသည်။

5.4. စီးပွားရေး မိတ်ဖက်များသည် ၎င်းတို့၏ လုပ်ရှားဆောင်ရွက်မှုများကြောင့် ဆိုးကျိုးသက်ရောက်ခံရသည့် တစ်ဦးတစ်ယောက်နှင့် ရပ်ရွာများကို တုန့်ပြန်ရန် ထိရောက်သော **လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အဆင့် နစ်နာချက် လုပ်ထုံးလုပ်နည်း** တွင် တတ်နိုင်သည့် အတိုင်းအတာတစ်ခုအထိ ပူးပေါင်းပါဝင်သင့်ပေသည်။

## VI. အချက်အလက် စီမံခန့်ခွဲခြင်း

6.1. စီးပွားရေးမိတ်ဖက်များသည် ၎င်းတို့၏ ပြင်ပမိတ်ဖက်ကုမ္ပဏီများ၏ **အကောင်အထည်ဖော်မှု အစီအမံနှင့် အစဉ်တဆက်တိုးတက်မှုများ** အပြင် ၎င်းတို့ ပါဝင်ပတ်သက်နေနိုင်သည့် amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ စံတန်ဖိုးများ၊ မူဝါဒများနှင့်အညီ တန်ပြန်ဆိုးကျိုးများအား ထိရောက်စွာ တုန့်ပြန်ဖြေရှင်းမှုအကြောင်းကို တောင်းခံလာသည့်အခါတိုင်း **amfori BSCI ပါဝင်သူများထံသို့ တိကျစွာ အစီရင်ခံရပေမည်။**

6.2. စီးပွားရေး မိတ်ဖက်များသည် **ဆိုးကျိုးသက်ရောက်မှုခံရနိုင်သည့် အလားအလာရှိသည့် အစုရှယ်ယာရှင်များ၏ စိုးရိမ်ပူပန်မှုများကို နားလည်ရန်ကြိုးစားရမည်ဖြစ်သလို၊**

© မူပိုင်ခွင့် amfori 2017

ယုံကြည်စိတ်ချရလောက်သော၊ သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းပြင်ပရှိ အထူးကျွမ်းကျင်သူများဖြင့် တိုင်ပင်ဆွေးနွေးပြီး အကြံဉာဏ်ရယူသည့် ပါဝင်ပတ်သက်သူများကိုလည်း နားလည်ရပေမည်။ ယင်းတွင် အစိုးရများ၊ သာမန်အရပ်သားများနှင့် အလုပ်သမား ကိုယ်စားလှယ်များပါဝင်ပြီး ၎င်းတို့၏ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ် ထိရောက်မှုကို စစ်ဆေးအတည်ပြုရန် ဖြစ်သည်။

6.3. စီးပွားရေး မိတ်ဖက်များသည် ၎င်းတို့၏ ပြင်ပမိတ်ဖက်ကုမ္ပဏီများ၏ မည်သည့် ညှဲ့ဖျင်းမှု၊ ပေါ့ဆမှုမဆိုနှင့် amfori BSCI ကျင့်ဝတ်လုပ်ထုံးပါ စံတန်ဖိုးများ၊ မူဝါဒများနှင့်သွေဖည်သော တန်ပြန်ဆိုးကျိုးများဖြစ်စေသည့် လုပ်ရပ်တို့ကိုသတိပြုသိရှိသည့်အခါ **amfori BSCI ပါဝင်သူထံသို့ ချက်ချင်း အကြောင်းကြားရန် ကတိပြုအပ်ပါသည်။**

________________________________

*ကုမ္ပဏီကိုယ်စား ရေးထိုးသည့် လက်မှတ်*

________________________________

*လက်မှတ်ရေးထိုးသည့် ရက်စွဲ*

________________________________

*ကုမ္ပဏီ၏ အမည်*

________________________________

*လူပုဂ္ဂိုလ်၏ အမည်*

© မူပိုင်ခွင့် amfori 2017